အာမခံကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပြန်သည့်

# အာမခံကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ်များ ခန့်ထားခြင်း ဆိုင်ရာ ညွှန်ကြားချက် ၇/၂၀၂၀

# ခန့်အပ်နိုင်သောအရာရှိချုပ်များ

- အမှုဆောင်အရာရှိချုပ် (Chief Executive Officer – CEO)
- ငွေရေးကြေးရေးအရာရှိချုပ် (Chief Financial Officer – CFO)
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးဆိုင်ရာအရာရှိချုပ် (Chief Risk Management Officer – CRMO)
- အာမခံသင်္ချာပညာရှင် (Certifyting Actuary- CA)

# အရည်အချင်းသတ်မှတ်ချက် (Criteria)

- ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာနှင့်နာမည်ကောင်းရှိခြင်း၊

 (Honesty, Integrity and good reputation)

- လုပ်ရည်ကိုင်ရည်နှင့်စွမ်းဆောင်ရည်ရှိခြင်း၊

(Competence and Capability)

- ငွေရေးကြေးရေးခိုင်မာတောင့်တင်းခြင်း၊

(Financial Soundness)

- တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း

(Responsibilty and Accountability)

# မမှတ်ယူနိုင်မှု (Disregardness)

- ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စည်းကမ်းပိုင်းဆိုင်ရာ ချိုးဖောက်မှုကြောင့် တရားစွဲဆိုခံရနိုင်သော အခြေအနေသို့ ရောက်ရှိနေခြင်း သို့မဟုတ် ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရဖွယ်ရှိခြင်း၊ တရားစွဲဆိုခံရခြင်း သို့မဟုတ် စုံစမ်းစစ်ဆေး မှုခံရဖွယ်ရှိကြောင်း အသိပေးခံရခြင်း၊
- Is or has been the subject of any proceedings of a disciplinary or criminal natureor has been sued or had been notified of any impending proceedings either in Myanmar or abroad.

- ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကုန်သွယ်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုခု လုပ်ဆောင်နိုင်ရန် လိုင်စင် ထုတ်ပေးခြင်း၊ မှတ်ပုံတင်ခြင်း၊ ခွင့်ပြုချက်ပေးခြင်း သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခွင့်ပြုခြင်းမှ ငြင်းပယ်ခံရသော၊ မှတ်ပုံတင် သို့မဟုတ် လိုင်စင်ရုတ်သိမ်းခံရသော သို့မဟုတ် အဖွဲ့ဝင် အဖြစ်မှ ရပ်စဲခံရသော ကုမ္ပဏီ၊ အစုစပ်လုပ်ငန်း သို့မဟုတ် အခြားစီးပွားရေးအဖွဲ့ အစည်းတွင် ပိုင်ဆိုင်မှု သို့မဟုတ် စီမံခန့်ခွဲမှုတို့နှင့် ဆက်နွယ်ခြင်း၊
- Has been associated, in ownership or management capacity with a company, partnership or other business assocation that has been refused registration, authorisation, membership or a licence to conduct any trade, business or profession or has had that registration, authorisation, membership or licence revoked, withdrawn or terminated either in Myanmar or abroad.

- လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်နိုင်ရည်ရှိခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌နည်းပညာဆို်ငရာ သတ်မှတ်ချက်များ၊ ဆုံးရှုံး နိုင်ခြေများနှင့်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို နားလည်နိုင်သည့် အရည်အချင်း၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိကြောင်း အထောက်အထား တင်ပြရမည်။
- Regarding with competence and capability, evidence must be shown that a person has the relevant quaification, experience and ability to understand the technical requirements of the business, the inherent risks and the management process required to perform his/ her role effectively.

- လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်နိုင်ရည်ရှိမှုတို့ကို သတ်မှတ်ရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရမည်

(၁)လုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားများအရ လည်းကောင်း၊ ဒါရိုက်တာဖြစ်ပါက အခြားကတိကဝတ်ထားရှိမှုများ အရလည်းကောင်း၊ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင့်လျော်သောအရည်အချင်း၊ သင်တန်းတက်ရောက်မှု၊ ကျွမ်းကျင်မှုနှင့် လက်တွေ့လုပ်ငန်းအတွေ့အကြုံ၊

(၂) ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်ငန်းတွင် ကျွမ်းကျင်မှု။

(၃) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသည့် အခြားအရည်အချင်းသတ်မှတ်ချက်များ။

- In determining competence and capability, the following shall be considered –

(1) Whether the person has the appropriate qualification, training skills, practical experience and commitment to effectively fulfil the role and responsibilities of the position and in the case of directors, having regard to their other commitments,

(2) whether the person has satisfactory past performance or expertise in thr nature of the business being conducted, and

(3) other qualifications determined by the Insruance Business Regulatory Board from time to time.

ငွေရေးကြေးရေးခိုင်မာတောင့်တင်းမှု အရည်အချင်း ပြည့်မီခြင်း မရှိသော်လည်း နောက်ဆက်တွဲပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီပါက အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရမည်-

(၁) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ငွေရေးကြေးရေးပေးဆပ်ရန် အချိန်စေ့ ရောက်သည့်အခါ ပြန်လည်ပေးဆပ်ခြင်းရှိ မရှိ သို့မဟုတ် ပေးဆပ်နိုင်ခြင်း ရှိ မရှိ၊

(၂) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးက ကြွေးမြီပေးဆပ်စေရန် စီရင်ချက် ချမှတ်ခံရခြင်း ရှိ မရှိ သို့မဟုတ် လူမွဲအဖြစ် ခံယူရန် တရားစွဲဆိုခံနေရခြင်း ရှိ မရှိ။

Even if a person does not meet the financial soundness criteria, the following shall be considered if he/ she meets the other criteria described in the Attachment-

(1) whether the person has been and will be able to fulfil his/ her financial obligations , whether in Myanmar or abroad, as and when they fall due; and

(2) whether the person has been the subject of judgement debt or bankruptcy proceeding either in Myanmar or abroad.

- အာမခံကုမ္ပဏီသည် အတည်ပြုချက်တောင်းခံရာတွင် ခန့်အပ်ခြင်းခံရမည့်သူနှင့် သက်ဆိုင်သည့် ကိုယ်ရေးဆိုင်ရာ ထုတ်ဖော်ကြေညာချက်လျှောက်လွှာနှင့် နောက်ဆက်တွဲပါ အရည်အချင်းသတ်မှတ်ချက်များနှင့် စပ်လျဉ်းသည့်အချက်အလက်နှင့် စာရွက်စာတမ်း အထောက်အထားများ တင်ပြရမည်ဖြစ်ပြီး ယင်းသို့တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြရမည်-
- Whether the Insurance Company requests for the approval, it must submit the personal declaration from of the candidate and information and document relating to the qualification shown on the Attachment. In that case, it must submit the following information completely.
- အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံကူးလက်မှတ်အမှတ်၊ နေရပ်လိပ်စာ၊ ပညာအရည်အချင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် လုပ်ငန်းအတွေ့အကြုံ၊
- Name, National Identification Card/ Passport, surname, address, academic qualifications, profession and experience.

- ယခင်အလုပ်အကိုင်၊ ရာထူး၊ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များ၊
- Details as to designation and responsibility of prior work
- ခန့်အပ်ခြင်းခံရသူ၏ မိသားစုဝင်များ၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ ၎င်း၏ မိသားစု နှင့် စပ်ဆိုင်သူများ၏ အသေးစိတ်အချက်အလက်များနှင့် ငွေရေးကြေးရေးဆိုင်ရာ အကျိုး စီးပွားများ၊ ၎င်းနှင့် ၎င်း၏မိသားစုဝင်များက ပိုင်ဆိုင်သော အစုရှယ်ယာများ၊ ငွေတိုက်စာချုပ် သို့မဟုတ် ဒီဘင်ချာများနှင့်စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များနှင့် ယင်းပိုင်ဆိုင်မှု များတွင် အဓိကကျသော အစုရှယ်ယာ ပိုင်ဆိုင်မှုများနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက် အလက်များ၊
- Details to the name and address of family of the candidate, family and relevant persons' details and financial interest of himself / herself or his / her family, shares, treasury bills or debentures ownership in his/ her name and names of the family, and whether or not there is substantial ownership and substantial capacity.

* ခန့်အပ်ခြင်းခံရမည့်သူ၏ မိသားစုဝင်တစ်ဦးဦးသည် အာမခံကုမ္ပဏီတစ်ခုခုတွင် ဝန်ထမ်း အဖြစ် ဆောင်ရွက်နေခြင်း ရှိ မရှိနှင့် ယင်းသို့ဆောင်ရွက်နေပါက ၎င်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များ၊
* Details as to whether any of the candidate’ family member is working as an employee in the concerned Insurance Company,
* ခန့်အပ်ခြင်းခံရမည့်သူ သို့မဟုတ် ၎င်း၏မိသားစုဝင်များနှင့် အာမခံကုမ္ပဏီအကြား သဘော တူညီချက်ရယူရန် ရှိ မရှိ သို့မဟုတ် သဘောတူညီချက်ရယူထားခြင်း ရှိ မရှိ နှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ၊
* Details as to whether the concerned Insurance Company has, or is going to have, any type of agreement with the candidate or his / her family member.

- ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အချက်အလက် အထောက်အထားများအရ သင့်လျော်မှန်ကန်ခြင်းရှိမှု၊ ၎င်း၏စွမ်းဆောင်ရည်နှင့် ယုံကြည်လေးစားခံရမှု၊ ကောင်းမွန်စွာ စီမံအုပ်ချုပ်မှုဖြင့် အာမခံကုမ္ပဏီ၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များအပေါ် ပံ့ပိုးပေးနိုင်မှု ဆောင်ရွက်မှုနှင့် သဘောထားများသည် အာမခံလုပ်ငန်း၏ ပုံရိပ်အပေါ် သက်ရောက်မှုစသည်တို့ကို အကဲဖြတ်ရမည်။
- Financial Regulatory Department shall assess his / her fitness and propriety, his / her performance and trustworthiness, his/ her ability to support vision and missions of the concerned Insurance Company with good governance , impact on the concerned Insurance Company's image due to his/ her performance and judgement.

# Thank you for your attention!